# ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာအချက်အလက်များ

## တည်နေရာနှင့်အကျယ်အဝန်း

၁။ ရုရှားနိုင်ငံသည် အာရှတိုက်နှင့်ဥရောပတိုက်နှစ်တိုက်လုံးတွင် ဆက်စပ်တည်ရှိပြီး ဧရိယာအားဖြင့် ကမ္ဘာ့အကြီးဆုံးနိုင်ငံတစ်ခုဖြစ်သည်။ နိုင်ငံ၏အကျယ်အဝန်းစုစုပေါင်းမှာ (၆,၅၉၂,၈၀၀)စတုရန်းမိုင် ကျယ်ဝန်းပါသည်။ ရုရှားနိုင်ငံသည် နော်ဝေးနိုင်ငံ၊ ဖင်လန်နိုင်ငံ၊ အက်စတိုးနီးယားနိုင်ငံ၊ လတ်ဗီးယားနိုင်ငံ၊ လစ်သူယေးနီးယားနိုင်ငံနှင့် ပိုလန်နိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံ၊ ယူကရိန်းနိုင်ငံ၊ ဂျော်ဂျီယာနိုင်ငံ၊ ကာဇက်စတန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ မွန်ဂိုးလီးယားနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့ဖြင့် ထိစပ်လျှက်ရှိသည်။ ၎င်းအပြင် ဂျပန်နိုင်ငံနှင့် ပင်လယ်ပြင်နယ်နိမိတ်၊ အမေရိကန်ပြည်ထောင်စု အလက်စကားပြည်နယ်တို့နှင့် ထိစပ်လျှက်ရှိသည်။ ရုရှားနိုင်ငံသည် အာရှတိုက်မြောက်ပိုင်းကိုဖြတ်၍ ဥရောပတိုက်၏ ၄၀%အထိ ကျယ်ပြန့်သည်။ ရုရှားနိုင်ငံ၏ဒေသစံတော်ချိန်မှာ ၉ ခုရှိသည်။




ရုရှားနိုင်ငံတည်နေရာပြမြေပုံ

**သမိုင်းကြောင်း**

၂။ ရုရှားနိုင်ငံ၏သမိုင်းအစသည် အရှေ့ဆလပ်လူမျိုးများ ဥရောပတိုက်တွင် ပါဝင်လာခြင်းက အစပြုခဲ့သည်။ အရှေ့ဆလပ်လူမျိုးများသည် အေဒီ ၃ ရာစုနှင့် ၈ ရာစုနှစ်အတွင်း၌ ဥရောပတိုက်သို့ ဝင်ရောက်ပေါင်းစည်းခဲ့ကြသည်။ အေဒီ ၉ ရာစုခုနှစ်တွင် ဗိုက်ကင်းများနှင့် ၎င်းတို့၏မျိုးနွယ်စုများသည် ကေဗင်ရစ်ပြည်နယ်ရှိ အရှေ့ဆလပ်လူမျိုးများကို ပထမဆုံး တွေ့ရှိသွားကြသည်။ ထိုအချိန်၌ ရောမအင်ပါယာသည် တန်ခိုးအင်အားကြီးထွားချိန်ဖြစ်သည်။ အရှေ့ရောမအင်ပါယာ၏အင်အားသည် ကေဗင်ဆလပ်ဒေသထိအောင် ပျံ့နှံ့လျက်ရှိသည်။ ၉၈၈ခုနှစ်တွင် ဗိုက်ကင်းများသည် အရှေ့ရောမအင်ပါယာမှလာသော ခရစ်ယာန်ဘာသာကို ကိုးကွယ်ရန်အတည်ပြုခဲ့သည်။ ထို့ကြောင့် ရုရှားယဉ်ကျေးမှုများတွင် ရောမယဉ်ကျေးမှုများ များစွာလွှမ်းမိုးထားသည်ကို တွေ့ရသည်။ နောက်ဆုံး၌ ကေဗင်ရပ်ပြည်နယ်သည် အစိတ်စိတ် အမွှာမွှာကွဲခဲ့ရပြီး မြေကျွန်လူတန်းစားစနစ်ရှိသော ပြည်နယ်လေးများ မြောက်များစွာ ပေါ်ပေါက်လာခဲ့လေသည်။ ထိုပြည်နယ်များအထဲတွင် မော်စကိုမြို့၏မြို့စားကြီးသည် သြဇာ အရှိဆုံးပုဂ္ဂိုလ်ဖြစ်ခဲ့သည်။ ထိုအချိန်တွင် မွန်ဂိုအင်ပါယာသည် အင်အားအကြီးဆုံးသောအချိန် ဖြစ်နေသည်။

၃။ မော်စကိုမြို့စားကြီးသည် ပြည်နယ်များကိုစုစည်းကာ မွန်ဂိုတို့အားတွန်းလှန်ရန် ကြိုးပမ်းပြီး အင်အားတောင့်တင်းရန်အတွက် ကေဗင်နယ်ကြီး၏အစိတ်အပိုင်းများကို ဖြည်းဖြည်းချင်းသိမ်းယူခဲ့သည်။ ၁၆၅၄ ခုနှစ်တွင် ပိုလန်နှင့် ၁၃ နှစ်ကြာစစ်ပွဲများဖြစ်ပွား ခဲ့သည်။ ပိုလန်-လစ်သူယေးနီးယား ဓနသဟာယအဖွဲ့နှင့် ရုရှားဇာဘုရင့်နိုင်ငံတော်တို့အကြား ဖြစ်ပွားသောစစ်ပွဲများအပြီးတွင် နယ်မြေအများအပြားကို ရုရှားနိုင်ငံကရရှိလိုက်သည်။ စစ်ပွဲအပြီးတွင် ရုရှားနိုင်ငံကရလိုက်သော နယ်မြေပိုင်နက်များသည် ရုရှားတို့ အရှေ့ဥရောပတွင် အင်အားကြီးနိုင်ငံတစ်နိုင်ငံ ဖြစ်လာစေသောလမ်းစပင်ဖြစ်သည်။ ၁၈ ရာစုတွင်အင်အားချဲ့ထွင် ပြီး ရုရှားအင်ပါယာကြီး ဖြစ်ပေါ်လာစေရန်အတွက် အခြားနယ်ပယ်များကို တိုက်ခိုက် သိမ်းပိုက်ပြီး နယ်မြေသစ်များရှာဖွေမှုကို ပြုလုပ်ခဲ့ကြသည်။ ထိုနောက် ရုရှားအင်ပါယာကြီး သည် သမိုင်းတွင်တတိယမြောက် အင်အားကြီးအင်ပါယာကြီးတစ်ခုအဖြစ်သို့ ရောက်ရှိလာခဲ့

သည်။ ဇာဘုရင်အုပ်ချုပ်သောရုရှားအင်ပါယာသည် ပိုလန်နိုင်ငံအရှေ့ဘက်မှ ပစိဖိတ်သမုဒ္ဒရာနှင့် အယ်လကာနယ်အထိသို့ရောက်အောင် ချဲ့ထွင်သိမ်းပိုက်ခဲ့သည်။ မဟာပီတာ( Peter the Great)သည် ရုရှားနိုင်ငံကို ၁၆၈၉ ခုနှစ်မှ ၁၇၂၅ ခုနှစ်အထိ အုပ်ချုပ်ခဲ့ပြီး သူ၏လက်ထက်တွင် ပဒေသရာဇ်ခေတ် ရုရှားအင်ပါယာသည် ကြီးကျယ်အခမ်းနားဆုံးဖြစ်ခဲ့သည်။ သူသည် ၁၇ဝ၉ တွင် ဆွီဒင်ကို ပိုတဗ်စစ်ဦအနိုင်ရပြီး နေဗာမြစ်ဝတွင် စိန့်ပီတာစဘတ်မြို့ကို တည်ထောင်သည်။

၄။ ဒုတိယမြောက်အလက်ဇန္ဒားဘုရင်(၁၈၅၅-၁၈၈၁)လက်ထက်တွင် ရုရှားတပ်မတော်အား ပြုပြင်ပြောင်းလဲရေးအကြီးအကျယ်ဆောင်ရွက်ခဲ့ပြီး ခေတ်မီစစ်လက်နက်များ တပ်ဆင်ခဲ့သည်။ ၁၈၇၇-၁၈၇၈ အော်တိုမန်-ရုရှားစစ်ပွဲတွင် ရုရှားတို့အောင်နိုင်ခဲ့ပြီး ဘူဂေးလ်ရီးယားနိုင်ငံအား အော်တိုမန်တို့၏လက်အောက်မှ လွတ်မြောက်စေခဲ့သည်။ ၁၉ရာစုနှောင်းပိုင်းကာလများတွင် အမျိုးမျိုးသောဆိုရှယ်လစ်လှုပ်ရှားများ ပေါ်ပေါက်လာခဲ့သည်။ ၁၈၈၁ ခုနှစ်တွင် ဒုတိယမြောက် အလက်ဇန္ဒားဘုရင်သည် တော်လှန်ရေးသမားတို့၏ လုပ်ကြံမှုခံလိုက်ရသည်။

၅။ ဒုတိယမြောက်နီကိုးလပ်ဘုရင်လက်ထက်တွင် အလုပ်သမား၊ လယ်သမားနှင့် ပြည်သူလူထုတစ်ရပ်လုံးပါဝင်သော ၁၉ဝ၅ တော်လှန်ရေးပေါ်ပေါက်လာခဲ့သည်။ တော်လှန်ရေးပေါ်ပေါက်လာရခြင်း၏ အဓိကအကြောင်းအရင်းများမှာ နိုင်ငံတွင်းအထွေထွေချွတ်ခြုံကျမှု၊ ပဒေသရာဇ်အုပ်ချုပ်မှုကို စိတ်ကုန်ခမ်းလာမှုနှင့် ကားလ်မက်စ်ခ်၊ လီနင်တို့၏ဘော်လ်ရှီဗစ်ကွန်မြူနစ်အတွေးအခေါ်များတို့ကြောင့် ဖြစ်သည်။ ထိုအချက်များအပြင် နီကိုးလပ်ဇာဘုရင်သည် ရုရှား-ဂျပန်စစ်ပွဲ(၁၉ဝ၄-၁၉ဝ၅)အားဆင်နွဲပြီး ဂျပန်တို့အားရှုံးနိမ့်ခဲ့ရာ ပြည်သူတို့အနေဖြင့် သည်းခံနိုင်စွမ်းကုန်ခမ်းလာခဲ့သည့်အပြင် တပ်တွင်းပုန်ကန်မှုများလည်း ပေါ်ပေါက်လာခဲ့သည်။ ၁၉ဝ၅ ဇန်နဝါရီ ၂၂ ရက်နေ့တွင် ဇာဘုရင်၏ဆောင်းရာသီနန်းတော်သို့ချီတက်ဆန္ဒပြသောပြည်သူများအား နန်းတော်စောင့်တပ်မှပြင်းထန်စွာနှိမ်နင်းခဲ့ရာ ပြည်သူ ၁ဝဝဝခန့် သေကြေခဲ့ရပြီး ထိုအဖြစ်အပျက်ကို သွေးစွန်းသောတနင်္ဂနွေဟု ခေါ်ဝေါ်ခဲ့ သည်။

၆။ ၁၉ဝ၅ တော်လှန်ရေးသည် မအောင်မြင်ခဲ့သော်လည်း ထိုတော်လှန်ရေးကြောင့် လွတ်လပ်စွာထုတ်ပြောကြားခွင့်၊ စုဝေးခွင့်နှင့် ရုရှားဥပဒေပြုရေးလွှတ်တော်ဖြစ်သော ဒူးမားလွှတ်တော်တို့ ပေါ်ပေါက်လာခဲ့သည်။ ထို့အပြင် ၁၉၁၇ အောက်တိုဘာတော်လှန်ရေးအတွက်

လည်း အားအင်တစ်ရပ်ဖြစ်ခဲ့သည်။ ၁၉၁၄ ပထမကမ္ဘာစစ်တွင် မဟာမိတ်ဆားဘီးယားတို့ဖက်မှ ဩစတြီးယား-ဟန်ဂေရီအင်ပါယာအား တိုက်ခိုက်ခဲ့သည်။ စစ်ပွဲတွင်အနိုင်ရရှိခဲ့သော်လည်း စစ်ပွဲစရိတ်များအလွန်အမင်းကုန်ကျခဲ့ကာ ထိခိုက်သေဆုံးမှုများပြားခဲ့ပါသည်။

၇။ ၁၉၁၇ခုနှစ်တွင် ဖေဖော်ဝါရီတော်လှန်ရေးပေါ်ပေါက်လာကာ ဇာဘုရင်နီကိုးလပ်နှင့် မိသားစုများ ဖမ်းဆီးခံခဲ့ရကာ နောက်ပိုင်းတွင် အဆုံးစီရင်ခဲ့သည်။ တော်လှန်ရေးကြီးအပြီးတွင် ပဒေသရာဇ်စနစ်လုံးဝချုပ်ငြိမ်းသွားကာ ပါတီပေါင်းစုံ စုပေါင်းဖွဲ့စည်းထားသည့် ယာယီအစိုးရ အုပ်ချုပ်သည့် ရုရှားသမ္မတနိုင်ငံပေါ်ပေါက်လာသည်။ ၁၉၁၇၊ အောက်တိုဘာလတွင် လီနင် ဦးဆောင်သည့် ဘော်ရှီဗစ်တို့မှ အောက်တိုဘာတော်လှန်ရေးဆင်နွှဲကာ အာဏာသိမ်းယူခဲ့ပြီး ကမ္ဘာ့ပထမဆုံး ဆိုရှယ်လစ်နိုင်ငံအဖြစ် တည်ထောင်ခဲ့သည်။

၈။ ၁၉၂၂၊ ဒီဇင်ဘာ ၃၀ရက်နေ့တွင် ယူကရိန်း၊ ဘိုင်လိုရုရှားနှင့် ကော့ကေးဆပ်နယ်များကိုစုပေါင်းကာ ဆိုဗီယက်ယူနီယံအား တည်ထောင်ခဲ့သည်။ ဆိုဗီယက်ယူနီယံအား Union of Soviet Socialist Republics (USSR) ဟုခေါ်ဝေါ်ပြီး Republic ပေါင်း (၂၁)ခုဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် "အလုပ်သမားကောင်စီ(ဆိုဗီယက်)သမ္မတနိုင်ငံများ သမ္မဂ"စနစ်ဖြင့် တည်ထောင်ခဲ့ပါသည်။ ၁၉၂၄ခုနှစ်တွင် လီနင်ကွယ်လွန်ပြီးနောက် ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူးဖြစ်လာသူ ဂျိုးဇက်စတာလင်သည် နိုင်ငံခေါင်းဆောင် ဖြစ်လာခဲ့သည်။ ၎င်းသည်နိုင်ငံရေးပါတီများ၊ လှုပ်ရှားမှုများအား တင်းကြပ်စွာတားမြစ်ခဲ့ပြီး အာဏာကို တစ်ဦးတည်းသာချုပ်ကိုင်ထားခဲ့သည်။ ၁၉၂၉ ခုနှစ်တွင် တော်လှန်ရေး ခေါင်းဆောင်တစ်ဦးဖြစ်သူ ထရော့စကီးအား နိုင်ငံတွင်းမှနှင်ထုတ်ခဲ့သည်။ ပါတီတွင်းနှင့်နိုင်ငံတွင်းသန့်စင်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ပြီး အပြင်းထန်ဆုံးဖြစ်သည့် ၁၉၃၇-၃၈ကာလများတွင် ပါတီဝင်များ၊ စစ်ဘက်အရာရှိများအပါအဝင် လူပေါင်းထောင်နှင့်ချီ၍ သုတ်သင်ခြင်းခံခဲ့ရသည်။



**ဂျိုးဇက်စတာလင်**

၉။ ဒုတိယကမ္ဘာစစ်အတွင်း နာဇီတို့၏ကျူးကျော်မှုကို တွန်းလှန်ခဲ့ရပြီး အဆိုပါစစ်ပွဲကို မဟာမျိုးချစ်စစ်ပွဲဟု တင်စားသတ်မှတ်ခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်အတွင်း ဆိုဗီယက်ပြည်သူနှင့် စစ်သားပေါင်း(၂၇)သန်းခန့် သေကြေပျက်စီးခဲ့ရသည်။ စစ်ပြီးခေတ်ကာလများတွင် ဆိုဗီယက်ဦးဆောင်သော ဝါဆောအုပ်စုနှင့်အမေရိကန်ပြည်ထောင်စုဦးဆောင်သော နေတိုးအုပ်စုတို့၏အားပြိုင်မှုဖြစ်သော စစ်အေးတိုက်ပွဲပေါ်ပေါက်လာခဲ့သည်။ ၁၉၉၁ ပြည့်နှစ်တွင် ဆိုဗီယက်ပြည်ထောင်စုသည် နိုင်ငံပေါင်း(၁၅)နိုင်ငံအထိပြိုကွဲသွားပြီး ၁၉၉၁ခုနှစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံအဖြစ် ပေါ်ပေါက်လာသည်။

၁၀။ လက်ရှိသမ္မတဗလာဒီမာပူတင်သည် ဒုတိယမြောက်သမ္မတအဖြစ် ၂၀၀၀ ပြည့်နှစ်တွင် ရောက်ရှိလာပြီးနောက်ပိုင်းတွင် ရေနံသဘာဝဓာတ်ငွေ့နှင့် စစ်လက်နက် ပစ္စည်းရောင်းချမှုများမှ တဆင့် စီးပွားရေးပြန်လည်ဦးမော့လာခဲ့ကာ အင်အားကြီးနိုင်ငံတစ်ခုအဖြစ်သို့ ပြန်လည်တက်လှမ်းလာခဲ့သည်။ ၂၀၀၈ ခုနှစ် ဂျော်ဂျီယာစစ်ပွဲ၊ ၂၀၁၄ခုနှစ် ယူကရိန်းနှင့်ဖြစ်ပွားသော ကရိုင်းမီးယားအရေးအခင်းတို့သည် ယခင် ဆိုဗီယက်ယူနီယံဟောင်းနိုင်ငံများအပေါ် ၄င်း၏ သြဇာအာဏာကို ပြသသည့်အနေ အထားဖြစ်ပါသည်။

**အစိုးရနှင့်နိုင်ငံရေး**

၁၁။ ရုရှားဖွဲ့စည်းပုံအခြေခံဥပဒေအရ ရုရှားနိုင်ငံသည် သမ္မတနှင့်ဝန်ကြီးချုပ် (၂)ဦး အုပ်ချုပ်သည့် semi-presidential republic စနစ်ဖြစ်သည်။ သမ္မတသည် နိုင်ငံအကြီးအကဲဖြစ်ကာ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့အကြီးအကဲဖြစ်သည်။ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးသောနိုင်ငံတစ်ခုဖြစ်သည်။ ဥပဒေပြုရေးအပိုင်းတွင် ကိုယ်စားလှယ်(၄၅၀)ဦးပါဝင်သော ဒူးမားလွှတ်တော်နှင့် (၁၇၅)ဦးဖြင့်ဖွဲ့စည်းထားသည့် ဖက်ဒရယ်ကောင်စီတို့ဖြင့် ဖွဲ့စည်းထားသည်။

၁၂။ အုပ်ချုပ်ရေးပိုင်းတွင် သမ္မတသည် ကာကွယ်ရေးဦးစီးချုပ်တာဝန်ကိုပါ ထမ်းဆောင်ရပြီး၊ ဥပဒေကြမ်းများအား ဥပဒေအဖြစ်မရောက်ရှိမီ ပယ်ချနိုင်သော ဗီတိုအာဏာရှိကာ သမ္မတသည် အစိုးရအဖွဲ့အားဖွဲ့စည်းခြင်းနှင့် အဆင့်မြင့်ရာထူးများခန့်ထားခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။ သမ္မတသက်တမ်းသည် ၆နှစ်သက်တမ်းဖြစ်ကာ သက်တမ်းနှစ်ကြိမ်ဆက်တာဝန်ထမ်းဆောင်ခွင့်ရှိသော်လည်း သုံးကြိမ်ဆက် ဆက်လက်ရွေးချယ်ခံခွင့်မရှိပါ။ ရုရှားနိုင်ငံရေးတွင်ထင်ရှားသော ပါတီများမှာ United Russia၊ Communist Party၊ Liberal Democratic Party နှင့် A Just Russia တို့ဖြစ်ပါသည်။ ကမ္ဘာ့ဒီမိုကရေစီညွှန်းကိန်းများအရ ၂၀၁၃ ခုနှစ်တွင် ရုရှား နိုင်ငံ၏ဒီမိုကရေစီစံနှုန်းမှာ နိုင်ငံပေါင်း ၁၆၇ နိုင်ငံတွင် အဆင့် ၁၂၂ ဖြစ်ပါသည်။ လက်ရှိသမ္မတမှာ ဗလာဒီမာပူတင်ဖြစ်ပြီး ဝန်ကြီးချုပ်မှာ ဒီမီထရီမက်ဗီဒက် ဖြစ်ပါသည်။ ရုရှားနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်။

**စီးပွားရေး**

၁၃။ နောက်ပိုင်းနှစ်များတွင် ရုရှားသည် စွမ်းအင်ကဏ္ဍတွင် အင်အားကြီးနိုင်ငံအဖြစ်ရောက်ရှိလာခဲ့သည်။ ကမ္ဘာတွင် အရံသဘာဝဓာတ်ငွေ့ အများဆုံးပိုင်ဆိုင်ထားသောနိုင်ငံဖြစ်ပြီး အရံရေနံပိုင်ဆိုင်မှုအဆင့်(၈)နှင့် ကျောက်မီးသွေးပိုင်ဆိုင်မှုအဆင့်(၂)ဖြစ်သည်။ သဘာဝဓာတ်ငွေ့တင်ပို့ရောင်းချမှုအပိုင်းတွင် ကမ္ဘာ့ဦးဆောင်နိုင်ငံဖြစ်သည်။ ကမ္ဘာ့တတိယမြောက်အကြီးဆုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်သည့်နိုင်ငံ ဖြစ်သည်။

၁၄။ နျူးကလီးယားစွမ်းအင်ထုတ်လုပ်မှုတွင် အဆင့်(၄)နေရာတွင်ရှိကာ ကမ္ဘာ့ပထမဆုံး နျူးကလီးယားသုံးလျှပ်စစ်စက်ရုံ တည်ဆောက်သည့်နိုင်ငံဖြစ်ကာ အရပ်ဘက်သုံးနျူးကလီး ယားနည်းပညာများကို ပထမဆုံးဖော်ထုတ်ခဲ့သည့်နိုင်ငံဖြစ်သည်။ နျူးကလီးယားစွမ်းအင် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရသည် အမေရိကန်ဒေါ်လာ ၅.၄၂ ဘီလီယံ မြှုပ်နှံ သုံးစွဲလျှက်ရှိသည်။ အခြားလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့်ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းများ ဖြစ်ကာ ငါးဖမ်းလုပ်ငန်းမှဝင်ငွေ အမေရိကန်ဒေါ်လာ ၂၀၃၆ သန်းအထိ ရရှိခဲ့ပါသည်။

၁၅။ ရုရှားသည် ကမ္ဘာတွင် စီးပွားရေးတိုးတက်မှုအဆင့် (၁၅) ရှိပါသည်။ စွမ်းအင်တင်ပို့ ရောင်းချမှုမှ ဝင်ငွေ အမေရိကန်ဒေါ် ၅၀၀ ဘီလီယံခန့်အထိ နှစ်စဉ်ရရှိလျှက်ရှိပါသည်။ ရုရှား သည် စစ်လက်နက်ပစ္စည်းတင်ပို့ရောင်းချမှုအများဆုံးနိုင်ငံဖြစ်သည်။ နိုင်ငံပေါင်း(၈၀)ကျော်သို့ လက်နက်တင်ပို့ရောင်းချခဲ့ပြီး ကမ္ဘာ့လက်နက်ဈေးကွက်၏၃၀ရာခိုင်နှုန်းကို ချုပ်ကိုင်ထားပါ သည်။ ရုရှားနိုင်ငံ၏ပျမ်းမျှလစာနှုန်းမှာ အမေရိကန်ဒေါ်လာ (၉၀၀) ဖြစ်ပါသည်။ စုစုပေါင်း ဂျီဒီပီတန်ဖိုးမှာ အမေရိကန်ဒေါ်လာ(၃.၆၈၅)ထရီလီယံ၊ ကမ္ဘာ့အဆင့်(၆)ဖြစ်ကာ တစ်ဦးချင်း ဝင်ငွေ အမေရိကန် ဒေါ်လာ(၇,၇၄၂)၊ ကမ္ဘာ့အဆင့် (၇၂)ဖြစ်ပါသည်။



**ရုရှားတို့၏နာမည်ကျော်ပြည်ပပို့ကုန် ဆူခွိုင်းတိုက်လေယာဉ်များ**

## လူဦးရေနှင့်လူနေထိုင်မှု

၁၆။ ရုရှားနိုင်ငံ၏လူဦးရေသည် ၁၄၉.၉ သန်းခန့်ရှိသည်။ အများစုသည် မြို့ပြတွင် နေထိုင်လျှက်ရှိပါသည်။ လူဦးရေထူထပ်မှုမှာ ၁ စတုရန်းကီလိုမီတာလျှင် ၉ ယောက်နှုန်း ခန့်ဖြင့်နေထိုင်သည်။ မိုင်အားဖြင့် ၁ မိုင် ၂၂ ယောက်နှုန်းခန့်ဖြစ်သည်။ ဤပမာဏသည် ကမ္ဘာပေါ်တွင် လူနေအကျဲဆုံးပမာဏပင်ဖြစ်သည်။ မော်စကိုမြို့ ပတ်ဝန်းကျင်၊ စိန့်ပီတာစဘတ် မြို့တို့အနီးတွင်မူ လူဦးရေပိုမိုထူထပ်သည်။

၁၇။ မော်စကိုမြို့သည် ရုရှားနိုင်ငံ၏အကြီးဆုံးမြို့တော်ဖြစ်သည်။ စိန့်ပီတာစဘတ်မြို့သည် ရုရှားနိုင်ငံ၏ဒုတိယမြောက်အကြီးဆုံးမြို့ဖြစ်သည့်အပြင် ၁၈ ရာစုနှင့် ၁၉ ရာစုက ရုရှားနိုင်ငံ၏ မြို့တော်လည်းဖြစ်ခဲ့သည်။ လူဦးရေတစ်သန်းနှင့်အထက်နေသောမြို့ကြီးများမှာ Novosibirsk၊ Nizhniy NovgorodYekaterinburg၊ Samara၊ Omsk၊Kazan၊ Ufa နှင့် Chelyabinsk မြို့များဖြစ်သည်။

၁၈။ လူဦးရေ၏ ၈၁ ရာခိုင်နှုန်းမှာ ရုရှားလူမျိုးများဖြစ်သည်။ လူဦးရေ၏ ၇၃ ရာခိုင်နှုန်း သည် မြို့ပြဒေသများတွင်နေထိုင်ကြပြီး ၂၇ ရာခိုင်နှုန်းသာ ကျေးလက်ဒေသများတွင် နေထိုင်ကြသည်။ ၂၀၁၀ပြည့်နှစ်တွင် ကောက်ယူခဲ့သောသန်းခေါင်စာရင်းအရ ရုရှားလူမျိုး ၈၁ ရာခိုင်နှုန်း၊ တာတာလူမျိုး ၃.၇ ရာခိုင်နှုန်း၊ ယူကရိန်း ၁.၁ ရာခိုင်နှုန်း၊ ဘက်ရှ်ကီးယား ၁.၁ ရာခိုင်နှုန်း၊ ချေချင် ၁ ရာခိုင်နှုန်းနှင့် အခြားလူနည်းစု ၁၁.၈ ရာခိုင်နှုန်းဖြစ်ပါသည်။ မွေးဖွားမှုနှုန်းမှာ ဥရောပနိုင်ငံအများစုထက် ပိုမိုမြင့်မားပြီး လူဦးရေတစ်ထောင်တွင် မွေးဖွားမှု နှုန်း ၁၂.၆ ဦးဖြစ်သည်။

၁၉။ ရုံးသုံးဘာသာစကားမှာ ရုရှားဘာသာစကားဖြစ်ပြီး ရုရှားဘာသာစကားပြောဆိုသူ ၁၄၂.၆သန်း၊ တာတာဘာသာစကားပြောဆိုသူ ၅.၃ သန်းနှင့် ယူကရိန်းစကားပြောဆိုသူ ၁.၈ သန်းခန့်ရှိပါသည်။ ရုရှားဘာသာစကားသည် အင်တာနက်တွင် အင်္ဂလိပ်ဘာသာစကား ပြီးနောက် ဒုတိယအများဆုံးသုံးစွဲသောဘာသာစကားဖြစ်သည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ အာကာသစခန်းတွင် တရားဝင်အသုံးပြုသောဘာသာစကားနှစ်ခုအနက်မှ တစ်ခုဖြစ်သည်။

၂၀။ ရုရှားနိုင်ငံတွင် ကျော်ကြားသော အနုပညာရှင်အများအပြားရှိခဲ့ကာ အလက်ဇန္ဒား ပက်ရှကင်သည် ရုရှားနိုင်ငံ၏ ခေတ်သစ်စာပေအရေးအသားကို စတင်ခဲ့သူဖြစ်သည်။ သူသည် ၁၉ ရာစုနှစ်က ထင်ရှားသောကဗျာဆရာတစ်ဦးဖြစ်သည်။ အခြားထင်ရှားသော စာရေးဆရာ အချို့မှာ အန်တွန်ချက်ကော့ဗ်( Anton Chekhov) ၊ မစ်ဟေးလာမွန်တို(Mikhail Lermonto) ၊ လီယိုတော်စတွိုင်း(Leo Tolstoy) ၊ နီကိုလိယာလာမွန်တိုနှင့် အိုင်ဗန်တာဂျန်နေ့ဗ် အစရှိ သည်တို့ဖြစ်ကြသည်။

## ရုရှား-မြန်မာဆက်ဆံရေး

၂၁။ ရုရှားဖယ်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံ၏နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် နှစ်ပေါင်း (၆၀)ရှိခဲ့ပြီးဖြစ်သည်။ ချစ်ခင်ရင်းနှီးမှုနှင့်ကောင်းမွန်စွာ ပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ် များအဖြစ် ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် တောင်ကြီးဆေးရုံတို့မှာ သက်သေပြလျက်ရှိပါ သည်။ မြန်မာကျောင်းသားထောင်ပေါင်းများစွာသည် ရုရှားနိုင်ငံတွင် ပညာသင်ကြားလျက်ရှိပြီး မြန်မာနိုင်ငံမှ ဆရာဝန်များသည် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကလေးသူငယ်ဆိုင်ရာရောဂါ ကာကွယ်ရေးနှင့်ပတ်သက်သည့် ဗဟုသုတအသစ်များရရှိရန် ရုရှားနိုင်ငံသို့ သွားရောက်လေ့လာ ခဲ့ကြပါသည်။ အနာဂတ်တွင်လည်း မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ပြီး ရုရှားနိုင်ငံမှကုမ္ပဏီများမှလည်း ကုန်သွယ်ရေးမြှင့်တင်ရန်နှင့် စပ်တူထုတ်လုပ်ရေးတွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံတွင်စီးပွားရေး လာရောက်လုပ်ကိုင်ရန် စိတ်ဝင်စားနေကြပါသည်။ ၂၀၀၇ခုနှစ်တွင် သုတေသနနျူကလီးယား ဓာတ်ပေါင်းဖိုများဆောက်လုပ်ရန် သဘောတူညီမှုရရှိခဲ့ပြီး ၂၀၁၅ခုနှစ်တွင် ရိုစတွန် ကော်ပိုရေးရှင်းနှင့် မြန်မာနိုင်ငံသိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့သည် အဏုမြူစွမ်းအင်အား ငြိမ်းချမ်းစွာအသုံးပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးခဲ့ကြပါသည်။

## မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Vasily Borisovich Pospelov



မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Vasily Borisovich Pospelov သည် မြန်မာနိုင်ငံဆိုင်ရာရုရှားသံရုံးတွင် အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ရုရှားဖယ်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးအဖြစ် ၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလ ၂၈ရက်နေ့မှစ၍ စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းအား ၁၉၅၇ခုနှစ်တွင် မွေးဖွားခဲ့ပါသည်။ ၁၉၈၀ခုနှစ်တွင် မော်စကိုနိုင်ငံတကာဆက်ဆံရေးအင်စတီကျူမှ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဖြင့် မဟာဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး ရုရှားနိုင်ငံ၏နိုင်ငံခြားရေးဝန်ကြီးဌာနတွင် စတင်ဝင်ရောက်အမှုထမ်းခဲ့သည်။ ၁၉၈၀ မှ ၁၉၈၅ ခုနှစ်အထိ ထိုင်းနိုင်ငံရှိရုရှားသံရုံးတွင်လည်းကောင်း၊ ၁၉၈၈ ခုနှစ်မှ ၁၉၉၄ခုနှစ်အထိ အမေရိကန်နိုင်ငံဆိုင်ရာ ရုရှားသံရုံးတွင်လည်းကောင်း၊ ၂၀၀၂ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ပြင်သစ်နိုင်ငံ၊ စထာရာဘော့မြို့ရှိ ဥရောပကောင်စီတွင် ရုရှားနိုင်ငံဆိုင်ရာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့တွင်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၇ခုနှစ်မှ ယနေ့အထိ ရုရှားဖယ်ဒရေးရှင်းနိုင်ငံ၏နိုင်ငံခြားရေးဌာနရှိ နိုင်ငံတကာရေးရာမူဝါဒရေးဆွဲရေးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ၎င်းသည် အင်္ဂလိပ်ဘာသာစကားနှင့်တရုတ်ဘာသာစကားတို့အား ပြောဆိုနိုင်ပါသည်။ ၎င်းသည်အိမ်ထောင်ရှိပြီး အရွယ်ရောက်ပြီးသော ကလေးသုံးယောက် ရှိပါသည်။